# ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမှာစာ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသည် မြန်မာ့သမိုင်းမတင်မီခေတ် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ် လေ့လာရာတွင် ကွင်းဆင်းလေ့လာရန်နှင့် တူးဖော်သုတေသနပြုရန်၊ သမိုင်းဝင်ရှေးဟောင်း ဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းနိုင်သည်နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက်တစ်စပ်တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ဖော်ထုတ်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်တွင်း-ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရန်၊ ပြည်သူတိုင်း အတွေးအခေါ်၊ အယူအဆ၊ စိတ်နေသဘောထားများကို တိုးတက်ပြောင်းလဲနေသော ခေတ်နှင့် လျော်ညီအောင် လှုံ့ဆော်ပညာပေးရန်၊ သုတေသနဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ စာအုပ်၊ စာတမ်းများ ထုတ်ဝေဖြန့်ချီသွားရန် စသောလုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခု ထုတ်ဝေသော ပုဂံရှေးဟောင်းသုတေသနပြတိုက် ပြသပစ္စည်းများနှင့် မြန်မာကျောက်စာ စာစု စာရင်းစာအုပ်မှာ ပြတိုက်လမ်းညွှန်စာအုပ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ဤစာအုပ်တွင် ပြတိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပါအဝင် ပြခန်းတစ်ခန်းချင်းအလိုက် ပြသပစ္စည်းများကို ရှင်းလင်းချက်များဖြင့် ဖော်ပြထားရာ လေ့လာသူများအတွက် များစွာဗဟုသုတရရှိစေပါသည်။ ထို့အပြင် ပုဂံသို့မရောက်ဖူးသေးသူများပင် ဤစာအုပ်ကိုဖတ်ရှုမိပါက ပုဂံခေတ် လက်မှုအနုပညာ ဗဟုသုတများ၊ ယုံကြည်ကိုးကွယ်မှု၊ လူနေမှုဘဝ စသည်တို့ကို လေ့လာ သိရှိနိုင်စေပါသည်။ ဤစာအုပ်တွင် ပုဂံခေတ်စာပေပြခန်းရှိ မြန်မာကျောက်စာ စာစုစာရင်းကို အလှူရှင်အမည်၊ ရေးထိုးနှစ်၊ ရေးထိုးသည့်ဘာသာ ကျောက်စာအမှတ် စသည်ဖြင့်ပြည့်စုံစွာ ဖော်ပြထားရာ သုတေသီများအတွက် အဖိုးတန်သော ကျမ်းကိုးစာအုပ် ကောင်းတစ်အုပ်လည်း ဖြစ်စေပါသည်။

ဤစာအုပ်သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ပြကွက်၊ ပြကွင်းများအား အခန်းအလိုက်ခွဲခြားကာ ပြသပစ္စည်းများ၏ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစေရန် ရှင်းလင်း ဖော်ထုတ် တင်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သောကြောင့် ဖတ်ရှုလေ့လာသူများအား အတိုင်းအတာတစ်ခုအထိ အကျိုးပြုမည်ဟု ယုံကြည်မိပါသည်။

**ကျော်ဦးလွင်**

ညွှန်ကြားရေးမှူးချုပ်

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန